# Covid-19 ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ထောင်ဒဏ်ချမှတ်ခြင်း အခြေအနေများ

ဧပြီလ ၁ ရက်နေ့မှ မေလ ၁၅ ရက်နေ့အထိ

တပ်မတော်မှ ဖမ်းဆီးခဲ့သည့် ဖြစ်စဉ် (၇) ကြိမ်

ဖမ်းဆီးခံရသူ ၆၂ ဦး

ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ ဌာနများမှ ဖမ်းဆီး တရားစွဲဆိုသည့်ဖြစ်စဉ် (၂) ကြိမ်

ဖမ်းဆီးခံရသူ ၃ ဦး

တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများမှ ဖမ်းဆီးခဲ့သည့် ဖြစ်စဉ် (၄) ကြိမ်

ဖမ်းဆီးခံရသူ ၇ ဦး

မည်သည့်အဖွဲ့အစည်းမှ ဖမ်းဆီးသွားကြောင်း မသိရသည့် ဖြစ်စဉ် (၁) ကြိမ်

ဖမ်းဆီးခံရသူ ၁ ဦး

## Covid-19 ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေစဉ် ကာလအတွင်း ပေါ်ပေါက်လာခဲ့သည့် စောင့်ကြည့်ရမည့် တရားမဝင် အဖွဲ့အစည်း

မည်သည့်အဖွဲ့အစည်းမှ ဖမ်းဆီးသွားကြောင်း မသိရသည့် ဖြစ်စဉ်မှာ ရခိုင်ပြည်နယ် တောင်ကုတ်မြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မည်သည့်အဖွဲ့အစည်းမှ ပြုလုပ်သည်ကို မသိရှိရပေ၊ သို့သော် မေလ ၁၅ ရက်နေ့ နှောင်းပိုင်းတွင်လည်း နောက်ဆက်တွဲ ဖမ်းဆီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ထိုသို့ပြုလုပ်ခြင်းနှင့် ပတ်သက်၍ တောင်ကုတ် မြို့နယ်လုံးဆိုင်ရာ အမျိုးသားလုံခြုံရေး အဖွဲ့အစည်း (National Security Organization - NSO Taungup Township) ဆိုသည့် Facebook စာမျက်နှာမှတဆင့် ၎င်းတို့မှ ဖမ်းဆီးပြီး သတ်ဖြတ်ခဲ့ကြောင်း ထုတ်ဖော်ရေးသားခဲ့သည်။ ၎င်းအဖွဲ့အစည်းနှင့်ပတ်သက်၍ တိကျခိုင်မာသည့် သတင်းအချက်အလက်များ မရရှိသေးသော်လည်း ခြိမ်းခြောက်ခြင်း၊ မတရားဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းများကို ထင်ထင်ပေါ်ပေါ် လုပ်ကိုင်ဆောင်ရွက်လာ သည်ကို တွေ့ရှိရသောကြောင့် မတရား ဖမ်းဆီးခြင်း၊ ဥပဒေမဲ့ သတ်ဖြတ်ခြင်း စသည့် ကိစ္စများနှင့်ပတ်သက်၍ စောင့်ကြည့်ရမည့် တရားမဝင် အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

# Covid-19 ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ဥပဒေမဲ့ သတ်ဖြတ်ခြင်းများ ဖြစ်ပေါ်ခဲ့သည့် အခြေအနေ

ဧပြီလ ၁ ရက်နေ့မှ မေလ ၁၅ ရက်နေ့အထိ

| တပ်မတော် | တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များ | လက်သည်မပေါ် |
|---|---|---|
| ဖြစ်စဉ် (၃) ကြိမ် | ဖြစ်စဉ် (၂) ကြိမ် | ဖြစ်စဉ် (၂) ကြိမ် |
| အမျိုးသား ၄ ဦး သေဆုံး | အမျိုးသား ၂ ဦး သေဆုံး | အမျိုးသား ၆ ဦး၊ အမျိုးသမီး ၂ ဦး သေဆုံး |

- ဧပြီလ ၁ ရက်နေ့မှ မေလ ၁၅ ရက်နေ့အထိ Covid - 19 ကပ်ရောဂါနှင့် ရင်ဆိုင်နေရသည့် ကာလအတွင်းတွင် ဥပဒေမဲ့ သတ်ဖြတ်ခံရသည့် ဖြစ်စဉ် ၆ ကြိမ် ဖြစ်ပွားခဲ့သည်။
- ရခိုင်ပြည်နယ်တွင် ၅ ကြိမ် ဖြစ်ပွားခဲ့ပြီး အမျိုးသား ၈ ဦး သတ်ဖြတ်ခံခဲ့ရသည်။
- ရှမ်းပြည်နယ်တွင် ၂ ကြိမ် ဖြစ်ပွားခဲ့ပြီး အမျိုးသား ၄ ဦး၊ အမျိုးသမီး ၂ ဦး သတ်ဖြတ်ခံခဲ့ရသည်။

# Covid-19 ဖြစ်ပွားနေစဉ်ကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် မြေမြှုပ်မိုင်းနှင့် ဗုံးပေါက်ကွဲမှုများကြောင့် အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာ ရရှိမှု အခြေအနေများ

ဧပြီလ ၁ ရက်နေ့မှ မေလ ၁၅ ရက်နေ့အထိ

### ရခိုင်ပြည်နယ်

မြေမြှုပ်မိုင်း/ဗုံးပေါက်ကွဲမှု (၂) ကြိမ်

- အမျိုးသား ၄ ဦး၊ ကလေး ၂ ဦး သေဆုံးခဲ့သည်။
- အမျိုးသမီး ၁ ဦး၊ ကလေး ၂ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

### ရှမ်းပြည်နယ်

မြေမြှုပ်မိုင်း/ဗုံးပေါက်ကွဲမှု (၂) ကြိမ်

- အမျိုးသား ၂ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

### တနင်္သာရီတိုင်းဒေသကြီး

မြေမြှုပ်မိုင်း/ဗုံးပေါက်ကွဲမှု (၁) ကြိမ်

- အမျိုးသား ၁ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

# Covid-19 ကပ်ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များအကြားတွင် လက်နက်ကြီးငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် တပ်မတော်လေကြောင်း တိုက်ခိုက်မှုတို့ကြောင့် အရပ်သားပြည်သူ ထိခိုက်သေဆုံးမှုများ

ဧပြီလ ၁ ရက်နေ့မှ မေလ ၁၅ ရက်နေ့အထိ

| ချင်းပြည်နယ် | | |
|---|---|---|
| **တိုက်ခိုက်ခံရမှု အမျိုးအစား** | **သေဆုံးသူ ဦးရေ** | **ဒဏ်ရာရရှိသူ ဦးရေ** |
| လက်နက်ကြီး ကျရောက်ပေါက်ကွဲခြင်းနှင့် လေကြောင်းမှ ပစ်ခတ်တိုက်ခိုက် ခံရခြင်း | • အမျိုးသား ၄ ဦး<br>• အမျိုးသမီး ၅ ဦး<br>• ကလေး ၂ ဦး | • အမျိုးသား ၆ ဦး<br>• အမျိုးသမီး ၇ ဦး |

*ဧပြီလ ၁ ရက်နေ့မှ မေလ ၁၅ ရက်နေ့အတွင်း ချင်းပြည်နယ်၌ တပ်မတော်နှင့် ရက္ခိုင့်တပ်မတော် (Arakan Army) တို့ ဖြစ်ပွားသည့် တိုက်ပွဲများအကြားတွင် လက်နက်ကြီး ကျရောက်ပေါက်ကွဲခြင်းနှင့် လေကြောင်းမှ ပစ်ခတ်တိုက်ခိုက် ခံရခြင်းကြောင့် အရပ်သားပြည်သူ ၁၂ ဦး သေဆုံးခဲ့ပြီး၊ ၁၃ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။*

| ရခိုင်ပြည်နယ် | | |
|---|---|---|
| တိုက်ခိုက်ခံရမှု အမျိုးအစား | သေဆုံးသူ ဦးရေ | ဒဏ်ရာရရှိသူ ဦးရေ |
| လက်နက်ကြီး ကျရောက် ပေါက်ကွဲခြင်းနှင့် လေကြောင်းမှ ပစ်ခတ်တိုက်ခိုက် ခံရခြင်း | • အမျိုးသား ၇ ဦး<br>• အမျိုးသမီး ၃ ဦး<br>• ကလေး ၂ ဦး | • ၃၀ ဦး (အမျိုးသား၊ အမျိုးသမီး ဦးရေစာရင်း အတိအကျ မသိရှိရပါ) |

ဧပြီလ ၁ ရက်နေ့မှ မေလ ၁၅ ရက်နေ့အတွင်း ရခိုင်ပြည်နယ်၌ တပ်မတော်နှင့် ရက္ခိုင့်တပ်မတော် (Arakan Army) တို့ ဖြစ်ပွားသည့် တိုက်ပွဲများအကြားတွင် လက်နက်ကြီး ကျရောက်ပေါက်ကွဲခြင်းနှင့် လေကြောင်းမှ ပစ်ခတ်တိုက်ခိုက် ခံရခြင်းကြောင့် အရပ်သားပြည်သူ ၁၂ ဦး သေဆုံးခဲ့ပြီး၊ ၃၀ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ဤလူဦးရေ စာရင်းတွင် လက်နက်ကြီး ကျရောက်ပေါက်ကွဲခြင်း၊ လေကြောင်းမှ ပစ်ခတ်တိုက်ခိုက် ခံရခြင်းတို့ကြောင့် သေဆုံးသူ ဦးရေကို သတင်းမီဒီယာများမှ ဖော်ပြသည့်စာရင်းကို မှတ်တမ်း ပြုစုထားခြင်းဖြစ်ရာ မြေပြင်အခြေနေတွင် သေဆုံးသူ၊ ထိခိုက် ဒဏ်ရာရရှိသူ ဦးရေမှာ ယခုတင်ပြထားသည့် အခြေအနေထက် ပိုမိုများပြားနိုင်ဖွယ် ရှိသည်။

Generation Wave

GW GW

မျိုး ဆက် လှိုင်း